## ကဲ့ရဲ့အပြစ်ပြောခံရခြင်း

ဆိတ်ငြိမ်တရား မြတ်ဘုရား ပွားများထာဝစဉ်။

တပည့်အများ ထိုတရား မပွားနေခဲ့လျှင်။

ပယ်ရန်ညွှန်ကြား တရားများ ပယ်ရှားမပြုလျှင်။

ပစ္စည်းများရေး အလေးပေး ကျင့်ရေးလျော့ပေါ့လျှင်။

ဆုတ်ရန်ရှေ့သွား ကျင့်ရန်ကား ချထားဝန်ရှိလျှင်။

ထေရ်ကြီး,လတ်,ငယ် ကဲ့ရဲ့ဖွယ် သုံးသွယ်ငြိသည်ပင်။

## ချီးမွမ်းခံရခြင်း

ဆိတ်ငြိမ်တရား မြတ်ဘုရား ပွားများထာဝစဉ်။

ဆိတ်ငြိမ်တရား တပည့်များ ကျင့်ပွားနေကြလျှင်။

ပယ်ရန်ညွှန်ကြား တရားများ ပယ်ရှားနေကြလျှင်။

ပစ္စည်းများရန် မရည်သန် ကျင့်မှန်မလျော့လျှင်။

ဆိတ်ငြိမ်ကျင့်ရေး ရှေ့ဆောင်ပေး ဆုတ်ရေးပယ်ရှားလျှင်။

ထေရ်ကြီး,လတ်,ငယ် ချီးမွမ်းဖွယ် သုံးသွယ်ပြည့်သည်ပင်။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉) ရက်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)

https://winmetta.org